

# COVID 19 နှင့် ကျားမရေးရာ သက်ရောက်မှုများ

COVID-19 RESPONSE

UN WOMEN

# မေတ္တာရပ်ခံချက်

ကျေးဇူးပြု၍ ကင်မရာ ခလုတ်ကို ဖွင့်ထားပေးပြီး မိုက်ခရိုဖုန်းကို ပိတ်ထားပေးပါ။



## မေးခွန်းမေးမြန်းလိုပါက

Chat Box ထဲတွင် မိမိ မေးမြန်းလိုသည့် မေးခွန်းကို ရေးသားပေးပို့ပါ။
သင်ခန်းစာ အဆုံးတွင် ကျွန်ုပ်တို့မှ သင့်မေးခွန်းအား ပြန်လည်ဖြေဆိုပေးပါမည်။

# မိမိကိုယ်ကိုယ် မိတ်ဆက်ခြင်း

အမည်၊ ရာထူး တာဝန်၊  လုပ်ငန်းခွင် နယ်ပယ်




# အခြေခံ စည်းမျဉ်းများ

1. သတင်းအချက်အလက် လုံခြုံမှု
2. အပြန်အလှန်လေးစားမှု
3. ပါဝင်ဆွေးနွေးမှု
4. မိမိအမြင်များအားတင်ပြခြင်း

UN WOMEN

# ကြိုဆိုနှုတ်ဆက်ခြင်း
# မျှော်လင့်ချက်များ နှင့်
# ရည်ရွယ်ချက်များ



# သင်ယူမှုရည်ရွယ်ချက်များ

1. ကျား၊ မရေးရာနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးမြှင့်ရန်

2. ကျန်းမာရေးနှင့် စီးပွားရေး ကဏ္ဍများတွင် ကျားမရေးရာနှင့် Covid-19 ၏ သက်ရောက်မှုများကို လေ့လာဆွေးနွေးရန်

3. ထိရောက်သော Covid – 19 တုံ့ပြန်ဆောင်ရွက်မှုအတွက် အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နှင့် လူမှု သဟဇာတ မျှတရေးအား ထည့်သွင်းခြင်း၏ အရေးပါမှုနှင့် ပတ်သက်ပြီး အသိပညာ မြှင့်တင်ရန်

4. Covid-19 ဆိုင်ရာ စီးပွားရေးကုစားမှုအစီအစဉ် နှင့် ကျား၊ မရေးရာ ရှုထောင့်များမှ မည်သို့ တုံ့ပြန်ရမည်နှင့် ပက်သက်သည့် အသိပညာ ဗဟုသုတများ ရရှိရန်

UN WOMEN



# ကျားမရေးရာ
# နှင့်
# ဖွံ့ဖြိုးမှု

UN WOMEN

# ကျားမရေးရာနှင့်ဖွံ့ဖြိုးမှု

- ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဘာလဲ?
- ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်များ
- ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများ
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျား၊မ ရေးရာ

UN WOMEN

# ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ဘာလဲ?

# ဖွံ့ဖြိုးတိုးတက်မှု အဆင့်များ

- တစ်ဦးချင်း
- မိသားစု
- လူမှုအဖွဲ့အစည်း
- အဖွဲ့အစည်း/ အသင်းအဖွဲ့
- နိုင်ငံ

# ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများ

| တစ်ဦးချင်း | မိသားစု | လူမှုအဖွဲ့အစည်း | အဖွဲ့အစည်း/ အသင်းအဖွဲ့ | နိုင်ငံ |
|---|---|---|---|---|
| ပညာရေး၊ အသိပညာ<br>ဗဟုသုတ/ သတင်း<br>အချက်အလက်<br>ကျွမ်းကျင်မှုများ<br>မိမိကိုယ်ကိုယ်ယုံကြည်မှု<br>ရွေးချယ်မှု<br>ဝင်ငွေ<br>ဆုံးဖြတ်ချက် ချမှတ်<br>ပိုင်ခွင့် ရရှိခြင်းနှင့်<br>ဆုံးဖြတ်ချက်များ<br>ချမှတ်ရန်<br>အရည်အချင်းရှိခြင်း<br>လုံခြုံမှုရှိရှိသွားလာ<br>နေထိုင်ခြင်း<br>မျိုးဆက်ပွားဆိုင်ရာ<br>အခွင့်အရေးများ | ပညာရေး<br>ဝင်ငွေ<br>ဆေးကုသမှု ဆိုင်ရာ<br>ဝန်ဆောင်မှုများ<br>လူမှုရေးနှင့်<br>ယဉ်ကျေးမှုဆိုင်ရာ<br>လှုပ်ရှားမှုများတွင်<br>ပါဝင်ခြင်း<br>မိသားစုဝင် အားလုံးကို<br>တန်းတူညီမျှ ဆက်ဆံခြင်း<br>ပိုင်ဆိုင်မှု၊ အမွေများ<br>မိသားစု၏ လက်ခံမှု<br>ပူးပေါင်းဆောင်ရွက်ခြင်း<br>မိသားစု စီမံကိန်း | ပညာရေးကဏ္ဍတွင်<br>ယောကျာ်လေးများနှင့်<br>မိန်းကလေးများ၏ ပါဝင်မှု<br>အရွယ်မတိုင်ခင်<br>အိမ်ထောင်ကျခြင်း<br>လျော့နည်းလာခြင်း<br>လူမှုရေး လှုပ်ရှားမှုများတွင်<br>အမျိုးသမီးများ၏ ပါဝင်မှု<br>သွားလာ လှုပ်ရှားခြင်း<br>အခြေခံအဆောက်အဦးများ<br>ဖွံ့ဖြိုးတိုးတက်လာခြင်း<br>ပူးပေါင်းဆောင်ရွက်ခြင်း<br>လုံခြုံစွာနေထိုင်မှု | အဖွဲ့အစည်းဆိုင်ရာ မူဝါဒနှင့်<br>လုပ်ထုံးလုပ်နည်း<br>ဖွဲ့စည်းတည်ဆောက်ပုံ<br>အရင်းအမြစ်များ<br>လုပ်ငန်းခွင် ဝန်းကျင်<br>အဖွဲ့အစည်းဆိုင်ရာ<br>တန်ဖိုးထားမှုများနှင့်<br>စံနှုန်းများ<br>ကျွမ်းကျင်ထိရောက်သော<br>လူစွမ်းအား အရင်းအမြစ်<br>စီမံခန့်ခွဲမှု<br>အသင်းအဖွဲ့စိတ်ဓာတ် | ပညာသင်ကြားနိုင်မှုနှုန်း မြင့်တက်လာခြင်း<br>တဦးချင်း ဝင်ငွေ မြင့်တက်လာခြင်း<br>ပျှမ်းမျှ အသက် တိုးမြင့်လာခြင်း<br>ကလေးငယ်နှင့် မိခင် သေဆုံးမှုနှုန်း<br>လျော့ကျလာခြင်း<br>လုပ်သားအင်အား<br>အမျိုးသမီးများအား အကြမ်းဖက်နှုန်း<br>လျော့ကျလာခြင်း<br>အခြား တိုင်းပြည်များနှင့် ကောင်းမွန်သော<br>ဆက်ဆံရေးရှိခြင်း<br>-တရားမျှတမှုလက်လှမ်းမှီခြင်း |

# ဖွံ့ဖြိုးတိုးတက်မှု

- ဖွံ့ဖြိုးတိုးတက်မှုသည် **ဖြစ်စဉ်** တခုဖြစ်သည်
- အပြုသဘောဆောင်သော **အပြောင်းအလဲများ** (တိုးတက်ခြင်း)
- **အချင်းချင်း ဆက်စပ်နေပြီး အပြန်အလှန် အမှီသဟဲပြုနေသည်**
- အမျိုးသမီးများနှင့် အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျာ်းလေးများ၊ မသန်စွမ်းသူများ၊ လိင်တူချစ်သူများ၊ သက်ကြီးရွယ်အိုများ၊ **လူနည်းစုများ တပြေးညီ** ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု (SDGs)**

- အနာဂတ်မျိုးဆက်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်လိုအပ်ချက်များကို ပြည့်မီနိုင်ရန်အတွက် ၎င်းတို့၏ အရည်အချင်းကို အပေးအယူမလုပ်ဘဲ လက်ရှိလိုအပ်ချက်များကို ပြည့်မီသည့် ဖွံ့ဖြိုးတိုးတက်မှု
- ကျားမရေးရာတန်းတူညီမျှမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် (SDGs) ၁၇ ခုထဲမှ ၁ခု ဖြစ်သည်။ သို့သော်လည်း အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှု ရှုထောင့်အားလုံးအတွက် အရေးပါသည်။
- SDGs များအားလုံးသည် "ကျား၊မ တန်းတူညီမျှရေး ရှိစေရန်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများအား စွမ်းဆောင်ရည်မြှင့်တင်ရန်" ဆိုသည့် ပန်းတိုင် နံပါတ် ၅ အောင်မြင်ဖြစ်မြောက်မှုအပေါ်တွင် မူတည်သည်။

# ဖွံ့ဖြိုးတိုးတက်မှုတွင် အဘယ်ကြောင့် ကျား၊ မ ရေးရာသည် အရေးပါသနည်း

- ကမ္ဘာတွင် လူဦးရေ၏ တစ်ဝက်ကို ကိုယ်စားပြုနေခြင်း (ထက်ဝက်၏ ပြောဆိုမှု အသံများ )
- ခွဲခြားဆက်ဆံမှုသည် ဥပဒေများနှင့် လူမှုစံနှုန်းများတွင် ဆက်လက် အသက်ဝင်နေဆဲဖြစ်သည်
- နိုင်ငံ့ရေးရာ ခေါင်းဆောင်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု နည်းနေဆဲဖြစ်သည်

**၇၇ ပြား**

အမျိုးသမီးများသည် အမျိုးသားများနှင့် တူညီသည့် အလုပ် လုပ်ကိုင်သော်လည်း အမျိုးသားများ တစ်ဒေါ်လာရလျှင် အမျိုးသမီးများသည် ၇၇ပြားသာ ရရှိသည်

**၃ဦးလျှင် တစ်ဦး**

၃၅ ရာခိုင်နှုန်းသော အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့ခံစားရဖူးသည်

**၁၃%**

အမျိုးသမီးများသည် စိုက်ပျိုးရေး မြေပိုင်ရှင်များ၏ ၁၃% ခန့် သာ ကိုယ်စားပြုသည်

**၂၄ %**

၂၀၁၈ နိုဝင်ဘာမှစ၍ လွှတ်တော် အမတ် ၂၄ ရာခိုင်နှုန်းသာလျှင် အမျိုးသမီးများဖြစ်သည်

# ကျား၊ မ ရေးရာ တန်းတူညီမျှမှုကို မည်သို့ တိုင်းတာမည်နည်း

**ကျား၊ မ ရေးရာ ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း (GDI)**

- GDI သည် လူသား ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံ ရှုထောင့် ၃ခု အောင်မြင်ဖြစ်မြောက်မှုတွင် ကျား၊ မ ရေးရာ မညီမျှမှုများကို တိုင်းတာသည်
  - ကျန်းမာရေး (မွေးဖွားချိန်တွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ သက်တမ်းဖြင့် တိုင်းတာသည်)
  - ပညာရေး (ကလေးများအတွက် အမျိုးသမီးများနှင့် အမျိုးသားများ၏ ခန့်မှန်းခြေ ပညာသင်ကြားမည့် နှစ်များနှင့် အသက် ၂၅နှစ်နှင့် အထက် လူကြီးများအတွက် ပျှမ်းမျှနှစ်များဖြင့် တိုင်းတာသည်)
  - စီးပွားရေး အရင်းအမြစ်များအပေါ် ကြီးကြပ်ကွပ်ကဲခြင်း (လူတစ်ဦးချင်းအပေါ် အမျိုးသမီးများနှင့် အမျိုးသားများ၏ ခန့်မှန်းတွက်ချက်ထားသည့် GNI ဖြင့် တိုင်းတာသည်)

# ကျား၊ မ ရေးရာ တန်းတူညီမျှမှုကို မည်သို့ တိုင်းတာမည်နည်း

**ကျား၊ မ ရေးရာ မညီမျှမှု ညွှန်းကိန်း (GII)**

1. မျိုးဆက်ပွား ကျန်းမာရေး (မီးဖွားစဉ်သေဆုံးမှု အချိုးနှင့် ဆယ်ကျော်သက်များ မီးဖွားမှုနှုန်း )
2. စွမ်းဆောင်ရည်မြှင့်တင်မှု (အမျိုးသမီးများရယူထားသည့် လွှတ်တော်အမတ်နေရာများ အချိုးနှင့် အနည်းဆုံး အလယ်တန်းအောင်မြင်ထားပြီး အသက် ၂၅နှစ်နှင့် အထက် အရွယ်ရောက်ပြီး အမျိုးသမီးများနှင့် အမျိုးသား များ၏ အချိုး)
3. စီးပွားရေး အခြေအနေ (အသက် ၁၅နှစ်နှင့် အထက် အမျိုးသမီးများနှင့် အမျိုးသမီးများ၏ လုပ်သားအင်အားတွင် ပါဝင်မှုနှုန်း)

- GII ညွှန်းကိန်း မြင့်လေ၊ အမျိုးသမီးများနှင့် အမျိုးသားများအကြား ကွာဟချက်များလေ ဖြစ်ပြီး လူသားဖွံ့ဖြိုးတိုးတက်မှုတွင် ဆုံးရှုံးမှု ပိုများလေ ဖြစ်သည်
- GII - နိုင်ငံပေါင်း ၁၆၂ နိုင်ငံတွင် အမျိုးသမီးများ၏ အဆင့် ( position အနေအထား)

UN WOMEN



ကျန်းမာရေး
ပညာရေး
လုပ်နိုင်စွမ်းရည်မြင့်မားခြင်း(
(ဆုံးဖြတ်ချက်ချမှတ်သည့်
နေရာတွင် ကိုယ်စားပြု
ပါဝင်နေခြင်း))
လုပ်သား
အင်အား ပါဝင်မှု
အမျိုးသမီးများ
အပေါ်
အကြမ်းဖက်မှု

# ညာဏ်စမ်းမေးခွန်း - မြန်မာနိုင်ငံရှိ ကျား၊ မရေးရာ ကိန်းဂဏန်းအချက်အလက်များ

- ကျား၊ မ ရေးရာ ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း GDI - မြန်မာနိုင်ငံ
- ကျား၊ မ ရေးရာ မညီမျှမှု ညွှန်းကိန်း GII - မြန်မာနိုင်ငံ
- ကျန်းမာရေး
- ပညာရေး
- လုပ်နိုင်စွမ်းရည်မြင့်မားခြင်း (ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများတွင် ကိုယ်စားပြု ပါဝင်နေခြင်း)
- လုပ်သားအင်အား ပါဝင်မှု
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

# ကျန်းမာရေး

မြန်မာနိုင်ငံတွင် မွေးမိခင် သေနှုန်းမှာ -

(က) ၂၈၂
(ခ) ၁၅၆
(ဂ) ၁၂၀

MMR in
Lao: 220
Cambodia: 170
Vietnam: 49
Thailand: 26
Singapore: 6

# ပညာရေး

- ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အမျိုးသားများ စာတတ်မြောက်မှုနှုန်းမှာ (ပြည်ထောင်စုအဆင့်) ၉၃% ဖြစ်ပြီး အမျိုးသမီးများ စာတတ်မြောက်မှုနှုန်းမှာ

(က) ၇၈

(ခ) ၈၇

(ဂ) ၉၅

UN WOMEN

# လုပ်နိုင်စွမ်းရည်မြင့်မားခြင်း
# (ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများတွင် ကိုယ်စားပြု ပါဝင်နေခြင်း)

- ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှုမှာ ( ) % ဖြစ်သည်။

(က) ၁၈

(ခ) ၁၂

(ဂ) ၄၃

# လုပ်နိုင်စွမ်းရည်မြှင့်မားခြင်း
# (ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများတွင် ကိုယ်စားပြု ပါဝင်နေခြင်း)

- ၂၀၁၇ခုနှစ်တွင် ရပ်ကွက်/ကျေးရွာပေါင်း ၁၇၀၀၀ နီးပါး ရှိသည့်အနက် အမျိုးသမီးရပ်/ကျေးအုပ်ချုပ်ရေးမှူး အရေအတွက်မှာ - (    ) ဖြစ်သည်။

  (က)၁၀၁

  (ခ) ၁၀၃

  (ဂ) ၁၁၅

# လုပ်သားအင်အား ပါဝင်မှု


၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ( labor force participation) တွင် အမျိုးသားလုပ်သား အင်အားပါဝင်နှုန်း သည် ၈၅.၂ % ဖြစ်သည်။

အမျိုးသမီးလုပ်သား အင်အားပါဝင်နှုန်းမှာ -

(က) ၄၃

(ခ) ၅၁

(ဂ) ၆၀




# တန်းတူညီမျှမှု

# နှင့်

# အဓိပ္ပာယ်ပြည့်ဝသော တန်းတူညီမျှမှု ?



# COVID-19

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု-
# ကျား၊ မ ရေးရာ တန်းတူညီမျှမှု

# COVID-19 ကပ်ရောဂါ ဖြစ်ပွားမှု
# စဥ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု -  ကျား၊ မရေးရာ တန်းတူညီမျှမှု

ပြီးခဲ့သည့် ရာစုနှစ်များအတွင်း တွေ့မြင်ခဲ့ရသည့် တိုးတက်မှုများ

- မိန်းကလေးများ ပိုပြီး ကျောင်းသို့ သွားလာကြသည်
- မိန်းကလေးများအား အရွယ်မတိုင်ခင် အတင်းအဓမ္မ လက်ထပ်ထိမ်းမြားစေခြင်း လျော့နည်းလာသည်
- လွှတ်တော်ထဲနှင့် ခေါင်းဆောင်မှု ရာထူးနေရာများတွင် အမျိုးသမီး တာဝန်ယူထမ်းဆောင်မှု ပိုများလာသည်
- ကျား၊ မရေးရာ တန်းတူညီမျှမှုကို တိုးမြှင့်ရန် ဥပဒေများကို ပြုပြင်ပြောင်းလဲမှု လုပ်လာနေသည်

- Covid-19၏ သက်ရောက်မှုများက ကျား၊ မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ပတ်သက်ပြီး လက်ရှိရရှိထားသော တိုးတက်မှုတချို့ကို နောက်ကြောင်းပြန်လှည့်စေသည်

# စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအပေါ် သက်ရောက်မှုများ

**ဆင်းရဲမွဲတေမှု - ဆင်းရဲနွမ်းပါးမှု တိုးတက်လာခြင်း**

COVID-19မှ ရရှိသည့် စီးပွားရေး အကျပ်အတည်းများကြောင့် လူပေါင်း သန်း ၄၀ မှ သန်း ၆၀သည် အလွန်အကျွံ ဆင်းရဲမွဲတေခြင်းထဲသို့ တွန်းပို့ခံနေရသည်။

**ကျားမတန်းတူမျှမှု - အမျိုးသမီးများအပေါ် COVID-19၏ သက်ရောက်မှုများ**

- ယေဘုယျအားဖြင့် အမျိုးသမီးများသည် နိုင်ငံ ၁၀၄ နိုင်ငံရှိ ကျန်းမာရေး စောင့်ရှောက်မှု ဝန်ထမ်းများ နှင့် လူမှုရေးရာ ပြုစုစောင့်ရှောက်မှု ကဏ္ဍ၏ ၇၀% အထိကို အမျိုးသမီးများ ကိုယ်စားပြု ထားသည်။
- COVID-19 ကပ်ရောဂါ မဖြစ်ခင်တွင် အမျိုးသမီးများသည် အမျိုးသားများထက် အခကြေးငွေ မရ သည့် ပြုစုစောင့်ရှောက်ရေး အလုပ်များနှင့် အိမ်တွင်းမှု အလုပ်များကို သုံးဆ ပိုလုပ်ခဲ့ကြရသည်။
- COVID-19နှင့် အတူ အခကြေးငွေမရသော ပြုစုစောင့်ရှောက်ခြင်းအလုပ်များ ပိုများလာပြီး ကလေးများအား ကျောင်းသို့မပို့ရခြင်းနှင့်အတူ သက်ကြီးရွယ်အိုများနှင့်နာမကျန်းသူများအား ဖိဖိစီးစီးပြုစု စောင့်ရှောက်ပေးရခြင်း၊ စိတ်ပင်ပန်းရသော ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမြင့်တက်လာသည်။ သက်ကြီး ရွယ်အိုများ နှင့် နာမကျန်းသူများအား ဖိဖိစီးစီးပြုစုစောင့်ရှောက်ပေးရခြင်း၊ စိတ်ပင်ပန်းရသောကျန်းမာရေး ဝန်ဆောင်မှုများ ပိုမြင့်တက်လာသည်။

**ပညာရေး - ကျောင်းသူကျောင်းသားများ ကျောင်းသို့မသွားရ ခြင်း**

၁.၂ ဘီလီယံ နီးပါးသော ကျောင်းသူကျောင်းသားများ (သို့မဟုတ် စာရင်းသွင်းထားသော ကျောင်းသူကျောင်းသား စုစုပေါင်း၏ ၆၈%) သည် ကျောင်းများ ပိတ်ထားခြင်းနှင့် ကြုံနေရပြီး နိုင်ငံပေါင်း ၁၄၄နိုင်ငံတွင် နိုင်ငံအဝှမ်း ကျောင်းများ ပိတ်ထားရဆဲဖြစ်သည်။

UN WOMEN

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအပေါ် သက်ရောက်မှုများ

## လူမှုရေးရာ အကာအကွယ် - လုံလောက်သော လူမှုရေးရာ အကာအကွယ်များ မရှိခြင်း

- ကမ္ဘာ့လူဦးရေ၏ ၅၅% (လူဦးရေ ၄ ဘီလီယမ်) ခန့်သည် လူမှုရေးရာ အာမခံ သို့မဟုတ် လူမှုရေးရာ အထောက်အပံ့များ မရရှိကြပါ။ ကမ္ဘာတစ်လွှားတွင် အလုပ်အကိုင်မဲ့သူ ၂၀% သာလျှင် အလုပ်အကိုင်မဲ့ခြင်းနှင့် ဆက်စပ်သော ခံစားခွင့်များရရှိပြီး အချို့ဒေသများတွင် လွှမ်းခြုံနိုင်မှု ပို၍ နည်းနေသေးသည်။

## IDPs - ပြည်တွင်း အိုးအိမ်စွန့်ခွာ ထွက်ပြေးနေထိုင်ကြရသူများ အန္တရာယ် ကျရောက်ခြင်း

- ကမ္ဘာ့ IDPs စုစုပေါင်း၏ သုံးပုံတပုံသည် Covid-19 ၏ လူမှု စီးပွားဆိုင်ရာ သက်ရောက်မှု အများဆုံး ခံစားနေရသော နိုင်ငံ ၁၀နိုင်ငံတွင် နေထိုင်နေကြသည်။

## ဆင်ခြေဖုံးများတွင် နေထိုင်သူများ

- Covid-19 လူနာ အများစု၏ ၉၀% ကျော်ကို မြို့ပြဒေသများတွင် တွေ့ရခြင်းဖြစ်သည်။ ပုံမှန်မဟုတ်သော အခြေချ နေထိုင်မှုများနှင့် ညစ်ပတ်စုတ်ချာသော အခြေအနေများတွင် နေထိုင်ကြသည့် လူဦးရေ ၁ ဘီလီယမ်နှင့် အတူ Covid-19 သည် ယင်း လူအုပ်စုများ၏ အားနည်းချက်ကို ပိုထိခိုက်စေသည်။

## အလုပ်အကိုင်များ - ဝင်ငွေနှင့် အလုပ်အကိုင်များ ဆုံးရှုံးခြင်း

- အလွတ်တန်း လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသော လုပ်သား ၁.၆ ဘီလီယမ် နီးပါးသည် စုထားသည့်ငွေ အနည်းငယ် သို့မဟုတ် လုံးဝ မရှိဘဲ၊ လူမှုရေးရာ အကာအကွယ်များ မရရှိဘဲ ၎င်းတို့၏ ဝင်ငွေရသော အလုပ်များကို ဆုံးရှုံးကြရသည်။

## နိုင်ငံခြားမှ ငွေလွှဲမှုများ - နိုင်ငံခြားမှ ငွေလွှဲမှုများ ကျဆင်းခြင်း

- ထိခိုက်လွယ်သော အိမ်ထောင်စုအများစု ထံ LICs နှင့် LMICs များသို့ နိုင်ငံခြားသို့ ငွေလွှဲခြင်းများ ၂၀% နီးပါး အထိ သိသိသာသာ ကျဆင်းလိမ့်မည်ဟု ခန့်မှန်းထားသည်။

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များအပေါ် သက်ရောက်မှုများ

## ကုန်သွယ်မှု - ကမ္ဘာ့ကုန်သွယ်မှု ကျဆင်းခြင်း

ကမ္ဘာ့ ကုန်သွယ်မှု တန်ဖိုးများသည် ၂၀၂၀ခုနှစ် ပထမ တဖြတ်တွင် ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဒုတိယ တဖြတ်တွင် အပိုင်းလိုက် အပိုင်းလိုက် ကျဆင်းမှု ခန့်မှန်းခြေ ၂၇ ရာခိုင်နှုန်းရှိလိမ့်မည်ဟု ခန့်မှန်းသည်။

## လူသုံးကုန်များ - လူသုံးကုန် ပစ္စည်းများ ကျဆင်းခြင်း

မတ်လတွင် လူသုံးကုန် ပစ္စည်းများဈေးနှုန်းသည် ၂၀ ရာခိုင်နှုန်းအထိ စံချိန်တင်ကျဆင်းပြီး စက်သုံးဆီဈေးများလည်း သိသိသာသာ ထိုးဆင်း သွား သည်။ စက်သုံးဆီဈေးနှုန်းများသည် နှစ်စကထက် ၄၉ ရာခိုင်နှုန်း နီးပါး လျော့နည်းပြီး ကုန်သွယ်မှု ငြိမ်သက်နေသည်။

## အစားအစာ လုံခြုံစိတ်ချရမှု မရှိခြင်း - အစားအစာ မလုံခြုံမှု တိုးမြင့်လာခြင်း

Covid-19 သည် အစာရေစာ အကျပ်အတည်း ကြုံတွေ့ရသူ အရေအတွက်ကို နှစ်ဆတိုးသွားစေသည်။ မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်မှု မပြုလုပ်ပါက ဝင်ငွေ နိမ့်ကျပြီး အတန်အသင့် ဝင်ငွေရှိသော နိုင်ငံများတွင် လူဦးရေ ၂၆၅ သန်းနီးပါးသည် ၂၀၂၀ အကုန်တွင် ရေတို အစားအစာ မလုံခြုံမှု အန္တရာယ်နှင့် ကြုံရဖွယ်ရှိသည်။

၂၀၁၉ခုနှစ်တွင် ရေတို အစားအစာ မလုံခြုံမှု ရင်ဆိုင်ရသော လူအများစု သည် ပဋိပက္ခများ (၇၇ သန်း)၊ ရာသီဥတု ဖောက်ပြန်ခြင်း (၃၄သန်း )၊နှင့် စီးပွားရေး အကျပ်အတည်းများ (၂၄သန်း)တို့ကြောင့် ထိခိုက်ခံစား နေရသော နိုင်ငံများမှ ဖြစ်သည်။

## ခရီးသွားလုပ်ငန်း - ခရီးသွားလုပ်ငန်း သိသိသာသာ ကျဆင်းခြင်း

ခရီးသွားလုပ်ငန်းသည် Covid-19 ဖြစ်ပွားမှုကြောင့် အထိအနာ ဆုံးသော လုပ်ငန်းများထဲမှ တစ်ခုဟု ယူဆနိုင်သည်။ သန်း ၈၅၀မှ ၁.၁ ဘီလီယမ် နိုင်ငံတကာ ခရီးသွားများကို ဆုံးရှုံးရဖွယ် ရှိသည်။

ခရီးသွားလုပ်ငန်းမှ ရသည့် ပို့ကုန် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၉၁၀ ဘီလီယမ်မှ အမေရိကန် ဒေါ်လာ ၁.၂ ထရီလီယမ် အထိ ဆုံးရှုံးနိုင်ဖွယ်ရှိသည်။ ခန့်မှန်းခြေ သန်း ၁၀၀နှင့် ၁၂၀ သော အလုပ်အကိုင်များကို ထိခိုက်နိုင် သည်။


ကမ္ဘာအားလုံးအပေါ် COVID-19၏ သက်ရောက်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများအား ပိုမို ထိခိုက်စေသည်
ဆိုးရွားသည့် စီးပွားရေး သက်ရောက်မှုများကို အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ ကြုံတွေ့ကြရသည်
ကျား၊ မအခြေပြု အကြမ်းဖက်မှုများ တိုးလာခြင်း
SRHS, MHPSS နှင့် GBV အတွက် ဆေးကုသမှု ဆိုင်ရာ စောင့်ရှောက်မှု အပါအဝင် သမရိုးကျ မဟုတ်သည့် ကျန်းမာရေး ဝန်ဆောင်မှုများ
လုပ်ခလစာမရသည့် ပြုစုစောင့်ရှောက်မှုအလုပ်များ တိုးလာခြင်း
COVID-19 RESPONSE
UN WOMEN

# အခကြေးငွေမရသော ပြုစုစောင့်ရှောက်ရေး အလုပ်

- ကပ်ရောဂါ ဖြစ်ပွားမှုအတွင်း ပြုစုစောင့်ရှောက်ရေး အလုပ်တာဝန်များအပေါ် လိုအပ်ချက် တိုးလာခြင်း သည် ကျား၊မ အလုပ်အကိုင်ခွဲဝေလုပ်ကိုင်ခြင်းကြောင့် ရှိနှင့်ပြီးသား မညီမျှမှုများကို ပြင်းထန်လာစေသည်။ COVID-19 ကပ်ရောဂါ မဖြစ်ခင်တွင် အမျိုးသမီးများသည် အမျိုးသားများထက် အခကြေး ငွေမရသည့် ပြုစုစောင့်ရှောက်ရေး အလုပ်များနှင့် အိမ်တွင်းမှု အလုပ်များကို သုံးဆ ပို လုပ်ခဲ့ကြ ရသည်။
- ကလေးများအား ကျောင်းသို့ မသွားရခြင်းနှင့်အတူ သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများအား ဖိဖိစီးစီး ပြုစု စောင့်ရှောက်ပေးရခြင်း၊ စိတ်ပင်ပန်းရသော ကျန်းမာရေး ဝန်ဆောင်မှုများ၊ COVID-19 ကမ္ဘာကြီးထဲ တွင် ပြုစု စောင့်ရှောက်ရေး အလုပ်တာဝန်အပေါ် တောင်းဆိုမှုများသည် ပိုမို ပြင်းထန် များပြားလာသည်။
- ယင်းမှာ ၎င်းတို့၏ အလုပ်လုပ်နိုင်စွမ်းကို အဟန့်အတားဖြစ်စေနိုင်ပြီး အထူးသဖြင့် အလုပ်များကို အဝေးမှ လှမ်း၍ လုပ်မရ သော အခါတွင် ဖြစ်သည်။
- ပြုစုစောင့်ရှောက်ရေးတာဝန်များရှိနေသည့် အမျိုးသမီးဝန်ထမ်းများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်မှု အကူအညီ မရခြင်းသည် အခက်အခဲဖြစ်စေသည်။

# ရွှေ့ပြောင်းလုပ်သား

- ယေဘုယျအားဖြင့် လူမှုရေးဆိုင်ရာ အကာအကွယ်များ၊ အာမခံများမှ ချန်လှန်ခြင်းခံရပြီး ယင်းမှာ ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း သို့မဟုတ် ရရှိရန် အကန့်အသတ် ဖြစ်ခြင်း၊ ဝင်ငွေ အကျိုးခံစားခွင့်များ ဆုံးရှုံးခြင်းနှင့် အခြားသော လူမှုရေးနှင့် စီးပွားရေး လုံခြုံမှု အစီအမံများနှင့် ကင်းဝေး( အကန့်အသတ်ရှိခြင်း) မှုများ ကြုံတွေ့စေသည်
- ကပ်ရောဂါ ဖြစ်ပွားမှုသည် ကျန်းမာရေး၊ လုံခြုံမှုနှင့် ကျန်းမာပျော်ရွှင်မှုတို့ကို မျက်ကွယ်ပြု ခံရ ခြင်း နှင့် အတူ ဝင်ငွေနှင့် အလုပ်အကိုင်များ ဆုံးရှုံးရခြင်းကို ဖြစ်ပေါ်စေသည်။

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အိမ်တွင်း အကြမ်းဖက်မှု

- ကပ်ရောဂါ ကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုများသည် ကမ္ဘာတဝှမ်းတွင် တိုးပွားလာသည်။ အမျိုးသမီးများ အထူးသဖြင့် ဆရာဝန်များ၊ သူနာပြုများနှင့် ပုံကျစျေးသည်များ စသည့် အရေးပါပြီး အလွတ်တန်း ဝန်ထမ်းများသည် အကြမ်းဖက်မှု အန္တရာယ် မြင့်မားသည်။
- အွန်လိုင်းပေါ်မှ ဆိုက်ဘာ အကြမ်းဖက်မှု တိုးလာနိုင်ခြေရှိသည်။
- ကပ်ရောဂါကြောင့် စီးပွားရေးသက်ရောက်မှုများသည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် မိန်းကလေးငယ်များအား အိမ်ထောင်ချ ပေးခြင်း များ မြင့်မားလာနိုင်သည်။
- ဝန်နှင့်အားမမျှသော ကျန်းမာရေး၊ လူမှုရေး၊ တရားရေးနှင့် ရဲလုပ်ငန်း ဝန်ဆောင်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ဝန်ဆောင်မှုများ လက်လှမ်းမမီရန် ပိုမိုခက်ခဲစေသည်။
- ကပ်ရောဂါ မဖြစ်ပွားခင်တွင် အမျိုးသမီး ၃ ဦးလျှင် ၁ ဦးသည် ၎င်းတို့ ဘဝတစ်လျှောက် အကြမ်းဖက်မှု ကြုံတွေ့ရလိမ့်မည်ဟု ခန့်မှန်းသည်။ ယင်း အမျိုးသမီးများသည် ယခုလို ကာလတွင် ၎င်းတို့အား ညှင်းပန်းနှိပ်စက်သူများနှင့် အတူ အိမ်ထဲမှာ ပိတ်မိနေကြသည်။
- တစ်အိမ်ထဲတွင် ပြွတ်သိပ်ကြပ်သပ်နေထိုင်ရခြင်း၊ ၊ မူးယစ်ဆေး စွဲခြင်း၊ ဝန်ဆောင်မှုများ အကန့်အသတ်ရှိခြင်းနှင့် အချင်းချင်း အပြန်အလှန် ကူညီမှု နည်းပါးခြင်းသည် ဤအခြေအနေများကို ပိုဆိုးဝါးစေသည်။
- ကပ်ရောဂါ ဖြစ်ပွားချိန်ကတည်းကပြီး အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု အထူးသဖြင့် အိမ်တွင်း အကြမ်းဖက်မှုများ ပိုပြင်းထန် လာကြောင်း ပေါ်ထွက်လာသည့် အချက်အလက်များက ပြသနေသည်။

UN WOMEN

# မြန်မာနိုင်ငံရှိ ကျား၊ မရေးရာ အချက်အလက်များ - အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

**၂၁%**

အိမ်ထောင်ရှိ (သို့) အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများသည် ၄င်းတို့၏ အိမ်ထောင်ဖက် အမျိုးသားမှ ကျူးလွန် သည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (သို့) ကျား၊ မ အခြေပြု အကြမ်းဖက်မှု များ ကြုံတွေ့ဖူးသည်

**၆၈%**

ယခင်က အိမ်ထောင်ကျဖူးသည့် အမျိုးသမီး များက ၄င်းတို့၏ လက်ရှိအမျိုးသားမှ ကျူးလွန်သည့် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု ကြုံတွေ့ရကြောင်း တိုင်ကြားထားသည်။

**၂၄%**

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ယခင် အိမ်ထောင်ဖက် အမျိုးသားမှ ကျူးလွန်ခဲ့သည်

**၅၆%**

ယခင်က အိမ်ထောင်ကျဖူးသည့် အမျိုးသမီးများက ၎င်းတို့၏ လက်ရှိ အမျိုးသားမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ရကြောင်း တိုင်ကြားထားသည်။

**၄၃%**


ယခင် အိမ်ထောင်ဖက် အမျိုးသားမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ဖူးသည်

UN WOMEN

# အကူအညီတောင်းခံသည့် အပြုအမူများ

အမျိုးသမီးအများစုသည် ၎င်းတို့ အိမ်တွင်း အကြမ်းဖက်မှုများ ကြုံတွေ့နေရသည့်အချိန်တွင် အကူအညီ ရှာလေ့မရှိကြပါ။

*အသက် ၁၅ နှစ် မှ ၄၉ နှစ်ကြား အမျိုးသမီးများ ရာခိုင်နှုန်းသည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ခဲ့ဖူးသည်*




# မြန်မာနိုင်ငံနှင့် ကမ္ဘာတလွှားတွင် အမျိုးသမီးများ/ကျားမရေးရာအပေါ် COVID-19 အကျိုးသက်ရောက်မှု

## ကျန်းမာရေးကဏ္ဍ

UN WOMEN

# COVID-19 ကပ်ရောဂါ ဖြစ်ပွားမှု - ကမ္ဘာတစ်လွှား နှင့် ပြည်တွင်း နှိုင်းယှဉ်ချက်

**ကမ္ဘာတစ်လွှား** ရောဂါကူးစက်ခံရသူ အသစ်များ ဆက်တိုက် တိုးနေသည်။




- အမေရိကသည် လက်ရှိတွင် ကပ်ရောဂါ၏ ဗဟိုချက် ဖြစ်နေပြီး ဒေသတွင်း နိုင်ငံအများစုသည် လနှင့်ချီ သွားလာခွင့်ကန့်သတ်သည့် စီမံချက်များ လုပ်ဆောင်ပြီးနောက် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်နေကြပြီဖြစ်သည်။
- ဤသည်မှာ ရေတိုနှင့် မဝေးတော့သည့် ကာလတွင် ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် လူမှု စီးပွား အခြေအနေများ ဆိုးဝါးလာနိုင်ခြေကို ညွှန်းပြနေသည်။

# ကျန်းမာရေး

- ကျန်းမာရေးဆိုင်ရာ ကပ်ရောဂါများသည် ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးကုသမှုများရရှိရန် အမျိုးသမီး များ နှင့် မိန်းကလေးများအတွက် ပိုမို အခက်အခဲဖြစ်စေသည်။
- ပြီးခဲ့သော ကပ်ရောဂါများသည် ကိုယ်ဝန်ဆောင်မိခင်သေနှုန်းနှင့် ရောဂါဖြစ်ပွားနှုန်း၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုများ၊ HIV နှင့် အခြား လိင်မှတဆင့် ကူးစက်သည့်ရောဂါများ တိုးလာသည်ကို ပြသပြီး ဖြစ်သည်။
- အလုပ်အကိုင်ဆိုင်ရာ ကျား၊မ စာရင်းအင်းများအရ အမျိုးသမီးများသည် အန္တရာယ်ဖြစ်နိုင်ပါသည်။
  - ကျန်းမာရေး လုပ်သားအင်အား၏ ၇၀%သည် အမျိုးသမီးများဖြစ်ပြီး ၎င်းတို့သည် ရှေ့တန်းမှ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ ပိုမိုများပြားပါသည်။ အထူးသဖြင့် သူနာပြုများ၊ ဖမ်းဆွဲဆရာမများ၊ ကျေးလက်ကျန်းမာရေး ဝန်ထမ်းများ ဖြစ်ကြသည်။
  - ၎င်းတို့သည် ကျန်းမာရေး ဝန်ဆောင်မှုပေးသော ဝန်ထမ်းအများစုလည်းဖြစ်ပါသည်။ ဥပမာ - အမှိုက်သန့်ရှင်းခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ အကျွေးအမွေးတာဝန်ယူခြင်း စသဖြင့်၊ ၎င်းတို့သည် ရောဂါပိုး ပိုမိုကူးစက် နိုင်ပါသည်။

# ကျန်းမာရေးဆိုင်ရာ အချက်အလက်များ(မြန်မာနိုင်ငံ)

| | |
|---|---|
| **လူဦးရေ** | **၅၃.၃၈ သန်း (၂၀၁၇)** |
| လူတစ်ဦးလျှင် GDP | အမေရိကန်ဒေါ်လာ ၁,၂၄၉.၈၃ (၂၀၁၇) |
| မွေးဖွားချိန်မှ ခန့်မှန်းသက်တမ်း (ကျား၊ မ) ၂၀၁၆<br>မွေးဖွားချိန်မှ ခန့်မှန်းသက်တမ်း (၂၀၁၇) | ၆၅/၆၉<br>၆၆.၅၆ |
| မီးဖွားချိန် မိခင် သေဆုံးမှု အချိုး | ၂၈၂ - ဒေသတွင်းတွင် ဒုတိယ အများဆုံး |
| ဖွံ့ဖြိုးမှုနှုန်း | အမျိုးသမီး တစ်ဦးလျှင် ၂.၁၇ မွေးဖွားမှုများ (၂၀၁၇) |
| မွေးကင်းစကလေး သေဆုံးမှု နှုန်း | အသက်ရှင်သော မွေးဖွားမှု ၁၀၀၀ လျှင် ၆၂ ဦး |
| အိမ်တွင် မီးဖွားပေးခြင်း | ၆၃ %<br>၃၀ % မီးဖွားစဉ် မိခင် သေဆုံးမှု |
| ကိုယ်ဝန်ဆောင်များအတွက် မီးမဖွားမီ ကျန်းမာရေး ဝန်ဆောင်မှုများ | ၈၁ % |
| သန္ဓေတားဆေး အသုံးပြုမှုနှုန်း | ၅၂.၂ % |
| ကျား၊ မ ရေးရာ ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း၊ ၂၀၁၉ | ၁၆၆ နိုင်ငံတွင် ၉၁ နိုင်ငံ (HDI ၂၀၁၉) |
| ကျား၊ မရေးရာ မညီမျှမှု ညွှန်းကိန်း၊ ၂၀၁၉ | ၁၆၂ နိုင်ငံတွင် ၁၀၆ နိုင်ငံ (HDI ၂၀၁၉) |
| ပြည်တွင်း အိုးအိမ်စွန့်ခွာ ထွက်ပြေးကြသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်။ | အနည်းဆုံး ၇၇% |

၂၀၂၁ ခုနှစ် ဇွန်လ ၂၂ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 အတည်ပြု လူနာ ၁၄၈,၆၁၇ ဦး ရှိသည်။

UN WOMEN

# မြန်မာနိုင်ငံရှိ ကျား၊ မရေးရာ အချက်အလက်များ - ကျန်းမာရေး

မီးဖွားစဉ်သေဆုံးမှုနှုန်း (MMR)- ဒေသတွင်းတွင် ဒုတိယ အများဆုံး ဖြစ်သည်

**မီးဖွားစဉ် သေဆုံးမှုနှုန်း ၂၈၂**

**၁၆%**

မိသားစု စီမံကိန်းအတွက် မြန်မာနိုင်ငံ၏ နှုန်းသည် ၁၆ ရာခိုင်နှုန်းတွင် ရှိနေသည်။

လူထု ဝန်ဆောင်မှုများတွင် မိခင် အသက်ကယ် ပစ္စည်းများ ပြတ်တောက်မှု မြင့်မားလာပြီး ၂၀၁၆ ခုနှစ်တွင် ၂၅.၈ ရာခိုင်နှုန်း ရှိသည်။

**၂၅.၈%**

**၅၃.၂%**

နည်းလမ်းအားလုံးဖြင့် သန္ဓေတားနှုန်းသည် ၅၂.၂ ရာခိုင်နှုန်းဖြစ်သည်။

မိသားစု စီမံကိန်းအတွက် မပြည့်ဝသေးသော လိုအပ်ချက်များသည် ရည်ရွယ်မထားဘဲ ရလာသည့် ကိုယ်ဝန်ဆောင်မှု၊ လုံခြုံမှုမရှိသော ကလေး ဖျက်ချခြင်းများနှင့် မီးဖွားစဉ်သေဆုံးမှုများ တိုးမြင့်လာပြီး လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေးနှင့် လူ့အခွင့်အရေးများအား ထောက်ခံအားပေးရန် ပျက်ကွက်ခြင်း၏ များပြားသော အကျိုးဆက်များကို ဖြစ်စေသည်။

UN WOMEN

# ကျား၊ မရေးရာနှင့် COVID-19 - ကျန်းမာရေးကဏ္ဍ အပေါ် သက်ရောက်မှုများ (မြန်မာနိုင်ငံ)

| | |
|---|---|
| ကျား၊ မရေးရာ တန်ဖိုးထားမှု - ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်တွင် ဦးစားပေးမခံရခြင်း၊ အာဏာ မညီမျှခြင်း၊ ကျား၊ မရေးရာ ခွဲခြား ဆက်ဆံခြင်း | အိမ်၊ အလုပ်နှင့် ပြည်သူ့ စီမံခန့်ခွဲမှုများတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်း |
| ကျား၊ မရေးရာ စံနှုန်း - ဓမ္မတာ လာခြင်းအား ညစ်ညမ်းသည်ဟု ယုံကြည်ပြီး ဓမ္မတာလာနေစဉ်တွင် အစားအသောက်များကို ထိတွေ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းသည် ကျန်းမာရေးနှင့် မညီညွတ်၊ မသန့်ရှင်းဟု ယုံကြည်နေကြသည်။ | ယင်းသို့ ယုံကြည်မှု အလွဲများသည် အိမ်တွင် ခွဲခြား နေထိုင် ခြင်းနှင့် သီးသန့် ခွဲခြားနေထိုင်ခြင်း (Quarantine) ပြုလုပ် ရာတွင် ခွဲခြားဆက်ဆံခြင်းနှင့် ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းဖြင့် ပုံမှန် ဓမ္မတာလာစဉ်အတွင်း အမျိုးသမီးများ အပေါ် သက်ရောက်မှုရှိသည်။ |
| ကျား၊ မ အခြေပြု အကြမ်းဖက်မှု - အချက်အလက်များ မရရှိနိုင်သေးခြင်း (ဆောင်ရွက်နေဆဲ) သို့သော်လည်း နှုတ်ဖြင့် အထောက်အထားများ ရှိသည်။ | |
| လစာရရှိသည့်၊ လစာ မရရှိသည့် အလုပ်များ၏ ဝန်ထုပ်ဝန်ပိုး ၂ဆ - အိမ်တွင်း အလုပ်နှင့် အိမ် ပြင်ပတွင် အလုပ်လုပ်ခြင်း | Covid-19 ကပ်ရောဂါ ဖြစ်ပွားမှု သည် အခကြေးငွေမရသည့် ပြုစုစောင့်ရှောက်ရေး အလုပ်များအား တောင်းဆိုမှု၊ ကျောင်းများ ပိတ်လိုက်ခြင်း၊ အိမ်ရှိ မိသားစု တခုလုံး၊ အခြားသော အိမ်အလုပ်များကို တိုးလာစေသည်။ |

UN WOMEN

# ကျား၊ မရေးရာနှင့် COVID-19 - ကျန်းမာရေးကဏ္ဍ အပေါ် သက်ရောက်မှုများ (မြန်မာနိုင်ငံ)

- အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အရေးပါသော ပုံမှန် ကျန်းမာရေး စောင့်ရှောက်မှုများအား အနှောင့်အယှက်ဖြစ်စေခြင်း ( မိသားစု စီမံကိန်း၊ ကိုယ်ဝန်ဆောင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု)
- NCDs နှင့် ဆက်နွယ်သည့် အခြေခံ ကျန်းမာရေး အခြေအနေများ ခံစားနေရသူများသည် Covid-19 ကြောင့် ပြင်းထန်စွာ နာမကျန်းမှု သို့မဟုတ် သေဆုံးမှု အန္တရာယ် ကြုံတွေ့နိုင်ခြေ မြင့်မားသည်။
    - မြန်မာနိုင်ငံတွင် NCDs ၆၈% ရှိမည်ဟု ခန့်မှန်းသည်။
    - အမျိုးသားများသည် အမျိုးသမီးများထက် NCDs ကြောင့် သေဆုံးနိုင်ခြေ ပိုများသည်။
    - ဆေးလိပ်သောက်သော အမျိုးသား ၃၂% သည် NCDs ဖြစ်ပွားနိုင်ခြေ မြင့်မားသည်။
- ရွှေ့ပြောင်းလုပ်သား ၅၀% ကျော်သည် အမျိုးသမီးများ ဖြစ်ကြပြီး ၉၀% သည် အထည်ချုပ် လုပ်ငန်း ကဏ္ဍတွင် လုပ်ကိုင်နေကြသော အမျိုးသမီးများဖြစ်ကြပြီး - ၃၅၀,၀၀၀ လုပ်သားတို့သည် Covid-19 နှင့် ထိတွေ့ ကူးစက်နိုင်ခြေ ပိုများသည်။
- စိတ်ပိုင်းဆိုင်ရာ ပြဿနာ - စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျခြင်း
- ဖြစ်စဉ် ခြေရာကောက်ရာတွင် ခွဲခြားဆက်ဆံခြင်း
- အခကြေးငွေမရသည့် အိမ်တွင်းမှု အလုပ်များနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ အပါအဝင် အမျိုးသမီး ကျန်းမာရေး ဝန်ထမ်းများ၏ ဝန်ထုပ်ဝန်ပိုး

UN WOMEN

# ကျန်းမာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်မှု

## ကျား၊ မရေးရာနှင့် COVID-19 ၏ သက်ရောက်မှုများ (မြန်မာနိုင်ငံ)

- ကန့်သတ်ချက်- မြန်မာနိုင်ငံရှိ တနေရာတည်းတွင် လိုအပ်သည့် ဝန်ဆောင်မှုများ ရရှိနိုင်သည့် အရေးပေါ် စင်တာ - OSSC (MoHS) နှင့် အကြမ်းဖက်ခံရသူ အမျိုးသမီးများအား တစ်နေရာတည်း တွင် ဝန်ဆောင်မှုပေးနိုင်သည့် စင်တာ - OSWSC (MSWRR)
- လိင်လုပ်သားများသည် ပုံမှန်အားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၏ ခွဲခြားဆက်ဆံမှုကို ခံကြရပြီး ၎င်းအချက်သည် ကျန်းမာရေး စောင့်ရှောက်မှုများကို ရယူအသုံးပြုရန် အဟန့်အတား ဖြစ်စေနိုင်သည်။
- ကျန်းမာရေး ဝန်ဆောင်မှုများ အထူးသဖြင့် HIV နှင့် STI ဝန်ဆောင်မှုများ ရယူ အသုံးပြုရာတွင် သတင်းအချက် လုံခြုံမှု ဆုံးရှုံးခြင်း (သို့မဟုတ် သတင်းအချက်အလက် လုံခြုံမှု ဆုံးရှုံးရမည်ကို ကြောက်ရွံ့ခြင်း)
- ကျား၊ မရေးရာ စံနှုန်းများ - ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ အာဏာ၊ အဆင့်အတန်းနှင့် ရုပ်ပိုင်းဆိုင်ရာ လက်လှမ်းမီမှု တို့သည် ကျန်းမာရေး ဝန်ဆောင်မှုများအား ရှာဖွေခြင်း အပေါ် သက်ရောက်မှုရှိသည်။
- ဘာသာစကား အဟန့်အတားများ
- သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ပြဿနာများ

UN WOMEN

# ကျား၊ မရေးရာနှင့် COVID-19 ၏ သက်ရောက်မှုများ (မြန်မာနိုင်ငံ)

## ကျန်းမာရေး အခြေခံ အဆောက်အအုံများနှင့် ကျန်းမာရေး လုပ်သားအင်အား

- အကန့်အသတ်ရှိသော ကျန်းမာရေး အခြေခံအဆောက်အအုံများ အထူးသဖြင့် လက်လှမ်းမီ ရန် ခက်ခဲခြင်းနှင့် လက်လှမ်းမီရန် ခက်ခဲသည့် နေရာများနှင့် လူထုများ
- ၂၀၁၈ ခုနှစ်တွင် လူဦးရေ ၁၀,၀၀၀ လျှင် သမားတော် ၆.၈ ဦးနှင့် သူနာပြုနှင့် သားဖွား ဆရာမ ၁၀ဦး
- လူမှုအသိုင်းအဝိုင်းတွင်း ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများနှင့် ဝန်ဆောင်မှု ပေးသူများ၏ ခွဲခြား ဆက်ဆံမှု
- အချို့နေရာများတွင် ပုံမှန် ကျန်းမာရေး ဝန်ဆောင်မှုများအား အနှောင့်အယှက် ဖြစ်စေခြင်း၊ ကာကွယ်ဆေးထိုးခြင်း လှုပ်ရှားမှုများနှင့် ကူးစက်တတ်သောနှင့် မကူးစက်တတ်သော ရောဂါများ (NCD) ထိန်းချုပ်ရေး စီမံချက်များအား ဆိုင်းငံ့ ထားရခြင်း
- မြို့နယ်တွင်း ဆေးခန်းများ ပိတ်လိုက်ရခြင်းနှင့် အချို့ရွေ့လျား ကျန်းမာရေး ဝန်ဆောင်မှုများ အား ဆိုင်းငံ့ထားရခြင်း

UN WOMEN

# မြန်မာနိုင်ငံနှင့် ကမ္ဘာတလွှားတွင် အမျိုးသမီးများ/ကျားမရေးရာအပေါ် COVID 19 အကျိုးသက်ရောက်မှု စီးပွားရေးကဏ္ဍ

UN WOMEN

ကမ္ဘာ တစ်ဝှမ်း လုပ်သား ၂.၇ ဘီလီယမ်
၈၁% သောလုပ်သားအင်အား (ILO)

အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း
သွားလာခွင့်
ကန့်သတ်ခြင်း သက်ရောက်မှုများ

ပထမ တစ်သုတ်တွင် အလုပ်ပြုတ်သူ အများစုသည်
အဓိကအားဖြင့်

အမျိုးသမီးများ ပါဝင်မှုများသည့် ဝန်ဆောင်မှု
ကဏ္ဍ၊ လက်လီလုပ်ငန်း၊ ဟိုတယ်နှင့်
ခရီးသွားလုပ်ငန်း

အလုပ်ပြုတ်ခြင်းနှင့် အလုပ်မှ ဆိုင်းငံ့ခြင်းကို
တောင့်ခံရန် မလွယ်ကူသူများ

အမျိုးသမီးအလွတ်တန်း လုပ်ငန်းခွင်များတွင် လုပ်
ကိုင်နေကြသော လုပ်သားများ၊ ရွှေ့ပြောင်းလုပ်သား
များ လူငယ်များ၊ ဆင်းရဲနွမ်းပါးသူများနှင့်
ထိခိုက်လွယ်သည့် အုပ်စုများ

# စီးပွားရေး



အမျိုးသမီး ၆၀% နီးပါးသည် အလွတ်တန်း စီးပွားရေး
လုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး ၎င်းတို့အား ဆင်းရဲ
မွဲတေမှုနွံထဲသို့ ကျရောက်နိုင်သည့် အန္တရာယ်ထဲသို့
တွန်းပို့နေသည် ။

## အမျိုးသမီးများ၏ စီးပွားရေးနှင့် ဝင်ငွေရသည့်အလုပ်များ အပေါ် သက်ရောက်မှု

ဝင်ငွေအားဖြင့်နည်း၊
စုဆောင်းငွေလည်းနည်းပါ။

လုံခြုံစိတ်ချရမှု နည်းသော အလုပ်
များကို လက်ကိုင်ကြလေ့ရှိပြီး
အလွတ်တန်း လုပ်ငန်းခွင်များ
တွင် များသည်

လူမှုရေးဆိုင်ရာ အကာအကွယ်
များ ရရှိမှုနည်းပါးခြင်း

အမျိုးသမီးတစ်ဦးတည်း
ဦးဆောင်ရသည့်
အိမ်ထောင်စုအများစု

စားဝတ်နေရေးအတွက် အလုပ်အ
ကိုင်များကို ဆုံးရှုံးရန် အခွင့်လမ်း
အမျိုးသားများထက် ပိုမြန်ပြီးဝင်ငွေ
ရရှိရန် အခြားသော နည်းလမ်း
နည်းပါးခြင်း

UN WOMEN

# အမျိုးသမီးများ အလုပ်အကိုင် ဆုံးရှုံးမှု နှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များ

## အမေရိကန်

မေလ လယ် အထိ အလုပ်
အကိုင်များ၏ ၆၀% နီးပါး
ဆုံးရှုံးထားသည်

## ယူကေ

ခပ်ချွာချွာနေခြင်း စီမံချက်များ၏ ရလဒ်အရ
လုပ်ငန်းများ ပိတ်လိုက် ရခြင်းသည်
အမျိုးသမီးဝန်ထမ်း များအားလုံး၏ ၁၇%
အပေါ် သက်ရောက်သည် ။

## စပိန်

အမျိုးသမီးများ၏ ၉၀% နှင့် အမျိုးသားများ
၆၄% သည် တနိုင်ငံလုံး သွားလာခွင့် ကန့်
သတ်တားမြစ်ခြင်းကြောင့် ထိ ခိုက်သော
ဝန်ဆောင်မှု လုပ်ငန်း များ တွင်
အလုပ်လုပ်ကိုင်နေသည်

## အရှေ့အလယ်ပိုင်းနှင့် မြောက် အာဖရိက

လုပ်သားအင်အား၏ ၅ ပုံ တပုံကို
ကိုယ်စားပြုနေစဉ်တွင် အမျိုးသမီး များသည်
ဒေသတွင်း စုစုပေါင်း အလုပ်အကိုင်များ၏
သုံးပုံ တစ်ပုံကို ဆုံးရှုံးလိမ့်မည်။

# အမျိုးသမီးများနှင့် စီးပွားရေး

သုံးပုံ နှစ်ပုံနှင့် အထက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ကြသည်။

စီးပွားရေးအခက်အခဲလျော့နည်း သက်သာစေမည့် ကြားခံတခုအဖြစ် ပံ့ပိုးပေးမည့် ပုံမှန် လူမှုရေးဆိုင် ရာ ကာကွယ်စောင့်ရှောက်မှုများ မရှိခြင်း

ကျန်းမာရေး စောင့်ရှောက်မှု အကန့်အသတ်ရှိခြင်း /မရရှိခြင်း၊ ဝင်ငွေအကျိုးခံစားခွင့်များနှင့် အခြား သော လူမှုရေးနှင့် စီးပွားရေး လုံခြုံမှု ကွန်ယက် များအားဆုံးရှုံးခြင်း

## အလွတ်တန်းလုပ်ငန်း

အလွတ်တန်း လုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှုပိုများနေသည် (အမျိုးသမီးများ သန်းပေါင်း ၇၄၀ ခန့်)

အိမ်မှနေပြီး အွန်လိုင်းမှ လုပ်ကိုင်၍ ရသော အလုပ်အကိုင်ကောင်း နည်းပါးခြင်း

လူလူချင်း ထိတွေ့ဆက်ဆံမှု လိုအပ်သည့် အလုပ် အကိုင်များအား အချို့မမျှတသော ခွဲဝေမှု

လက်လီ စီးပွားရေး သို့မဟုတ် တကိုယ်ရေ စောင့် ရှောက်မှု - အိမ်မှ အလုပ်လုပ်နိုင်ရန် အခြေအနေ နည်းပါးခြင်းနှင့် အလုပ်လက်မဲ့ ဖြစ်နိုင်ခြေ ရှိခြင်း

## ပုံမှန် သမရိုးကျ လုပ်ငန်း

ကပ်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း အမျိုးသမီးများသည် အန္တရာယ် အများဆုံး ကျရောက်နိုင်သော အလုပ်အကိုင်များကို တာဝန်ယူထားသည်


UN WOMEN

# ကျား၊ မ အခြေပြု အကြမ်းဖက်မှု (GBV နှင့် COVID-19)

- COVID–19 ကြောင့် လိုက်လျောညီထွေရှိသော အလုပ်များနှင့် ပတ်သက်သော ကျား၊ မ အခြေပြုအကြမ်းဖက်မှုမှ ကင်းဝေး လုံခြုံစေရေး
  - လက်တွဲဖော်မှ သို့မဟုတ် အိမ်မှနေ၍ အလုပ်လုပ်ရသော ဝန်ထမ်းများမှ ပြုလုပ်ခြင်း (အိမ်တွင်း အကြမ်းဖက်မှုများ)
  - အလုပ်ခွင်တွင်လည်း အထက်လူကြီး/ကြီးကြပ်သူများ သို့မဟုတ် လုပ်ဖော်ကိုင်ဖက်များမှ ပြုလုပ်ခြင်း (လုပ်ငန်းခွင်တွင် ကျား၊ မ အခြေပြုအကြမ်းဖက်မှု



- ကမ္ဘာတလွှား အမျိုးသမီး ၃ ဦးလျှင် တစ်ဦးသည် လက်တွဲဖော်မှ ကျူးလွန်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ခံစားဖူးကြသည်။




COVID – 19 ကျား၊ မ အခြေပြု အကြမ်းဖက်မှု တိုးလာခြင်း၊ IPPF အစီရင်ခံစာ_မတ်လ၊ ၂၀၂၀ ခုနှစ်

- တရုတ်နိုင်ငံရှိ ဟူပေ ပြည်နယ်
- ဘရာဇီး၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ ရုရှား၊ အမေရိက - အခြေအမြား တိုးနေသည်

UN WOMEN

# မဲခေါင် မြစ်ဝှမ်းဒေသရှိ အမျိုးသမီးများ

### နိုင်ငံခြားမှ ငွေလွှဲပေးပို့ခြင်း လျော့ကျသွားသည်

ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများ မိမိနေရပ် နိုင်ငံများသို့ ပြန်လာကြရခြင်း။

### ခရီးသွားလာမှုနှင့် သွားလာခွင့်ကန့်သတ်တားမြစ်ခြင်းများ

အမျိုးသမီး ရွှေ့ပြောင်း လုပ်သားများသည် လူမှုရေး ကာကွယ်စောင့်ရှောက်မှုများ လက်လှမ်းမှီ ရရှိရန် အခက်အခဲများ ရင်ဆိုင်ရနိုင်သည်။

### ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှု

ခရီးသွား ကဏ္ဍ အပေါ်များစွာ ထိခိုက်ပြီး ခရီးသွား လုပ်ငန်းမှ ဝန်ထမ်း အများစုမှာ အမျိုးသမီးများ ဖြစ်ကြသည်

### စီးပွားရေး လုပ်ငန်းများအတွက် ပြင်းထန်သော ခြိမ်းခြောက်မှု

အထူးသဖြင့် အလွတ်တန်း စီးပွားရေး ကဏ္ဍများ နှင့် အသက်မွေးဝမ်းကြောင်း အလုပ်များတွင် ကျား-မ ရေးရာကွာဟမှု တိုးလာသည်။

### Covid – 19 နှင့် ထိတွေ့မှု


အမျိုးသမီးများနှင့် မိန်းကလေးများသည် ကပ်ရောဂါနှင့် ထိတွေ့နိုင်ခြေ ပိုများသောလုပ်ငန်းများတွင် ထဲထဲဝင်ဝင် လုပ်ကိုင်နေကြသည်

### အလုပ်အကိုင် လုံခြုံမှုအပေါ် ဆိုးရွားသော သက်ရောက်မှု

အထည်ချုပ် စက်ရုံများ ပိတ်ထားခြင်းနှင့် အတူ အထည်ချုပ်စက်ရုံ လုပ်သားများ

UN WOMEN

# COVID-19 ကပ်ရောဂါ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေး ရိုက်ခတ်မှု (ပြင်ပမှ နှင့် ပြည်တွင်းမှ)




ပြင်ပမှ ရိုက်ခတ်မှုများ

က ) ထောက်ပံ့ပို့ဆောင်မှု လမ်းကြောင်းများ အနှောင့်အယှက်ဖြစ်ခြင်း

ခ ) ကုန်သွယ်မှု လျော့ကျ (ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများ)

ဂ ) နိုင်ငံခြားမှ ငွေလွှဲမှုများ လျော့ကျ

ဃ) ကုန်ပစ္စည် ဈေးနှုန်းများလျော့ကျနေ

င ) မတည်ငြိမ်သော ငွေကြေး စီးဆင်းမှု

ဝင်ငွေရရှိသော ကဏ္ဍများ

- စိုက်ပျိုးရေး
- စက်မှု လုပ်ငန်း
- ဝန်ဆောင်မှု လုပ်ငန်းများ

အခြား ကဏ္ဍ

- ငွေကြေး လုပ်ငန်း
- ဘဏ္ဍာရေး လုပ်ငန်း

ပြည်တွင်း ရိုက်ခတ်မှုများ

က ) သွားလာခွင့် ကန့်သတ်ထိန်းချုပ်ခြင်းနှင့် သွားလာမှုဆိုင်ရာ အစီအမံများ

ခ ) စားသုံးသူ အပြုအမူ နှင့်ပတ်သတ်သော အပြောင်းအလဲများ

# မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အချက်အလက်များ - စီးပွားရေး

အမျိုးသမီး လုပ်သားအင်အား အများစုသည် အိမ်ထောင်စု အဆင့်နှင့် ကျေးလက်ဒေသများ၌ အလွတ်တန်း လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသည်

**၈၉.၁%**

**၂.၈ သန်း**

မြန်မာနိုင်ငံရှိ တနိုင်တပိုင် နှင့် အသေးစား စီးပွားရေး လုပ်ငန်းရှင်များ

မြန်မာအမျိုးသမီးများသည် လက်ရှိတွင် အလွတ်တန်း လုပ်ငန်းခွင်များဖြစ်သည့် အိမ်အကူနှင့် ပြုစုစောင့်ရှောက်မှု အလုပ်များ အတွက် နိုင်ငံရပ်ခြားတွင် ရောက်ရှိနေကြခြင်း ဖြစ်သည်။

**အမျိုးသမီး ၇၈၉,၀၀၀ ဦး**

**၁၂၆,၂၃၇ မှတ်ပုံတင်ထား ပြီး**

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံရှိ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ

အထည်ချုပ် ကဏ္ဍတွင်အမျိုးသမီးများ ပါဝင်မှုများပြီး အများစုမှာ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြသည်။

**၉၀%**

**၆၂၀,၀၀၀ မှတ်ပုံတင် ထားခြင်းမရှိ**

မြန်မာနိုင်ငံရှိ အလွတ်တန်း (မှတ်ပုံတင်ထားခြင်းမရှိသည့်) စီးပွားရေးလုပ်ငန်းများ

များသောအားဖြင့် တနိုင်တပိုင်နှင့် အသေးစား စီးပွားရေးလုပ်ငန်းအမျိုးအစား အောက်တွင်ရှိသော အလွတ်တန်း စီးပွားရေး လုပ်ရှားမှုများတွင် အမျိုးသမီး အရေအတွက် တော်တော်များများပါဝင်ကြသည် ။

# မြန်မာနိုင်ငံရှိ ကျား၊ မ ရေးရာ အချက်အလက်များ - စီးပွားရေး

အသက် ၁၅ နှစ် မှ ၆၄ နှစ် အရွယ်ရှိသူများအတွက် လုပ်သားအင်အား ပါဝင်မှုနှုန်းသည် ၆၄.၇% ဖြစ်သည်။ (အမျိုးသားများအတွက် ၈၀.၂% နှင့် အမျိုးသမီးများအတွက် ၅၁.၆% ဖြစ်သည်)

စိုက်ပျိုးရေး ကဏ္ဍသည် ၅၂% သော လုပ်သားအင်အားကို အလုပ်ပေးထားပြီး ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၃၇% ပ့ံပိုးပေးနေသည်။

အမျိုးသမီး လုပ်သားအင်အား စုစုပေါင်း ၏ ၇၀% လောက်သည် စိုက်ပျိုးရေး ကဏ္ဍတွင် လုပ်ကိုင်နေကြသည်။

# အမျိုးသမီးများ၏ ဘဝနှင့် အသက်မွေးဝမ်းကြောင်းမှုများအပေါ် သက်ရောက်မှု

အမျိုးသမီးသည် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်သားအင်အား၏ **၇၅%** ကို ကိုယ်စားပြုနေသည်။

မြန်မာအမျိုးသမီး **၇၈၉,၀၀၀** ဦးသည် အလွတ်တန်းကဏ္ဍထဲရှိ အိမ်အကူနှင့် ပြုစုစောင့်ရှောက်ရေး အလုပ်များအတွက်လက်ရှိ နိုင်ငံရပ်ခြား၌ ရောက်ရှိနေသည်။

အစားအသောက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါဝင်နေသောဝန်ထမ်းများ၏ **၆၀%**သည် အမျိုးသမီးများဖြစ်ကြသည်။

လမ်းဘေးတွင် အစားအသောက် ရောင်းသော ပုံကျေးသည်များ၏ **၇၀%** မှ **၉၀%** မှာအမျိုးသမီးများ ဖြစ်ကြသည်။

အိမ်ထောင်စု ဝင်ငွေ၏ **၄၄%** ကို ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများမှ ထောက်ပံ့ပေးထားသည် (ပြည်တွင်း နှင့် နိုင်ငံတကာ)

**၂၇၃,၀၀၀** ဦးသော အိုးအိမ်စွန့်ခွာ ထွက်ပြေးကြသူများထဲတွင် **၆၉%** သည် ကချင်၊ ရခိုင်၊ ချင်းနှင့် ကရင်ပြည်နယ်တို့မှ ဒုက္ခ သည် စခန်းများနှင့် ဒုက္ခသည် စခန်းကဲ့သို့ သောအခြေအနေများတွင် နေထိုင်နေကြ ရသော အမျိုးသမီးများနှင့် ကလေးများ ဖြစ်ကြသည်

UN WOMEN

# မြန်မာနိုင်ငံ COVID-19 ၏ ကျား၊ မ ရေးရာ (လျှပ်တပြက်) လေ့လာဆန်းစစ်မှု (RGA)

| လူမှုဖူလုံရေးအဖွဲ့ (SSB) ကျန်းမာရေး စီမံချက်က လူဦးရေ၏ ၂.၅% သာကို လွှမ်းခြုံမှုရှိသည်။ | မြန်မာနိုင်ငံရှိလုပ်သားများ၏ ၈၃% သည်အလွတ်တန်း လုပ်ငန်းခွင်များတွင်လုပ်ကိုင်နေကြသည်။ | ပိတ်ထားခံရသော စက်ရုံများနှင့် ကျန်းမာရေးစစ်ဆေးချက်စောင့်ဆိုင်းနေသောစက်ရုံများမှ အလုပ်သမားများ၏ လစာများ၏ ၄၀% (MOLIP) | ပါဝင်ဖြေဆိုသူများ |
|---|---|---|---|
| အဖွဲ့ဝင်ဖြစ်မှုသည် ပုံမှန်လုပ် ငန်းခွင်များမှ ဝန်ထမ်းများ အတွက်သာ ကန့်သတ်ထား သည်။ | အလွတ်တန်း အလုပ်အကိုင်များ (လမ်းဘေး ပျံကျဈေးသည်များ ၊ အိမ်အကူ အလုပ်သမားများနှင့် တက္ကစီမောင်းသူများ | SSB တွင်မှတ်ပုံတင်ထားသော ဝန်ထမ်းများသာ အကျုံးဝင်ပြီး ဤ အထောက်အပံ့ ရယူမှုကို ကန့်သတ်နိုင်ဖွယ်ရှိသည် | အသက် ၁၆ နှစ်နှင့် ၅၃ နှစ်ကြား ရှိ စုစုပေါင်းဖြေဆိုသူ ၈၂ ဦး (အမျိုးသမီး ၆၂ ဦး၊ အမျိုးသား ၂၀ ဦး) |
| မြို့နယ် ၁၁၆ မြို့နယ်တွင်သာ လုပ်ငန်း လည်ပတ်နေသည် (မြို့နယ်ပေါင်း ၃၃၀ ထဲမှာ) | အမျိုးသမီးဦးရေ သည် အမျိုးသား များထက်ပိုသည် (၉၀.၇% နှင့် ၇၇.၄%) | လုပ်ငန်းလည်ပတ်မှု ရပ်ထားသော စက်ရုံ ပေါင်း ၁၇၅ ရုံထဲမှ စက်ရုံ ၁၀၅ ရုံမှ အ လုပ်သမားများသည် ၎င်းတို့ အလုပ်လုပ် ထားသည့် ရက်များအတွက် အခကြေး ငွေ ရရှိရန် ကျန်နေသေးသည် | အဝေးမှ လှမ်း၍ သို့မဟုတ် မျက်နှာချင်းဆိုင် တွေ့ဆုံ မေးမြန်းမှု |
| လျှောက်လွှာတင်ခြင်း လုပ်ငန်း စဉ်သည် အဓိက အဟန့် အတားဖြစ်နိုင်သည် - သက် သေအထောက်အထားမရှိခြင်း | လစာမဖြတ်သည် ဖျားနာခွင့်၊ လစာ မဖြတ်သည့် မီးဖွားခွင့် သို့မဟုတ် ကျန်းမာရေး အာမခံ စသည့် လူမှု ရေးရာ အကာအကွယ်များ မရရှိခြင်း | အချို့သော ဝန်ထမ်းများသည် စာဖြင့် ရေးသား ထားသော စာချုပ် မရှိသည့်အတွက် ဝန်ထမ်း အများစုသည့် ၎င်းတို့အား အလုပ်အကိုင်ခန့်အပ် ခြင်းအပေါ် ခေါင်းပုံဖြတ်ခြင်းနှင့် ပတ်သက်ပြီး ထိခိုက်ခံစားကြရသည်။ | ရန်ကုန်၊ မန္တလေး၊ မွန်၊ ကယား၊ ကရင်၊ ရှမ်း |

UN WOMEN

# မြန်မာနိုင်ငံ COVID-19 ၏ ကျား၊ မ ရေးရာ (လျှပ်တပြတ်) လေ့လာဆန်းစစ်မှု (RGA)

၇၀၀,၀၀၀ သော လုပ်သားဦးရေတွင် ၅၀%သည် လစာမရဘဲ အလုပ်မှ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် အလုပ်လုံးဝ ပြုတ်ခြင်း စသည့် အန္တရာယ်တို့ နှင့် ရင်ဆိုင်နေကြရသည်။

အထည်ချုပ် အလုပ်သမား ၅၉,၀၀၀ ဦးအောက် (ခန့်မှန်းခြေ အမျိုးသမီး ၅၂,၂၀၀ ဦး) တို့သည် ၎င်းတို့ အလုပ်အကိုင်များကို ဆုံးရှုံးခဲ့ကြရသည် (အလုပ်သမားများ အစည်းအရုံး၏ အစီရင်ခံစာ)

## အထည်ချုပ် လုပ်သားများ အပေါ် သက်ရောက်မှု

- တံဆိပ်မျိုးစုံ နှင့် လက်လီရောင်းချသူများစက်ရုံများမှ မှာယူမှုများ ဖျက်သိမ်း လိုက်သဖြင့် စက်ရုံအများစုသည် ချက်ချင်း ပိတ်လိုက်ပြီး အလုပ်သမားများအား လုပ်ခလစာ နည်းနည်း သို့မဟုတ် လုပ်ခလစာ မပေးဘဲ အိမ်သို့ ပြန်ကြရသည်။
- အချို့သည် အလုပ်လုပ်ခဲ့သည့် ရက်အနည်းငယ်သာ လုပ်ခလစာ ရရှိပြီး တစ်လလုံး လစာ မရပါ။ ဤကဲ့သို့ ရုတ်တရက် ဖြစ်သည့်ဒဏ်ကို ခံနိုင်ရန် သတိပေးမှု သို့မဟုတ် လုံခြုံမှု အကာအကွယ်ပေးမှု အနည်းငယ်သာ ရှိခဲ့သည်။

- အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့် အခြေခံ လိုအပ်ချက်များကို ပြည့်မီရန် ရုန်းကန်နေကြသည်။
- ၎င်းတို့၏ အခြေခံ လိုအပ်ချက်များ ပြည့်မီရန် အတွက် အသုံးစရိတ်လျှော့ချခြင်း၊ ငွေချေးငှားခြင်း နှင့် အိမ်ရှိ ပစ္စည်းများ ရောင်းချခြင်းတို့ ပြုလုပ်ရကြောင်းပြောဆို ထားသည်။

UN WOMEN

# မြန်မာနိုင်ငံနှင့် ကမ္ဘာတလွှားတွင် အမျိုးသမီးများ/ကျားမရေးရာအပေါ် COVID-19 အကျိုးသက်ရောက်မှု ငြိမ်းချမ်းရေး/လုံခြုံရေးနှင့် လူမှုသဟဇာတဖြစ်မှု

UN WOMEN

# ပဋိပက္ခ ဖြစ်ပွားနေသည့် ဒေသများတွင် နေထိုင်သူများအတွက် ဘာတွေက ပိုပြီး အခက်အခဲဖြစ်စေသလဲ?

အတွေ့အကြုံ မျှဝေခြင်း

၁။ ပဋိပက္ခ ဖြစ်ပွားနေသော ဒေသများသည် အခြားသောဒေသများထက် မည်သည့်အရာများ ပိုခက်ခဲသလဲ။
(ကျန်းမာရေး၊ စီးပွားရေး၊ တရားရေး)

၂။ COVID 19 ကပ်ရောဂါသည် ငြိမ်းချမ်းစွာနေထိုင် ဆက်ဆံရေးကို ထိခိုက်သလား။
(တစ်ဦးချင်း၊ မိသားစု၊ အဖွဲ့အစည်း၊ လူမှု အဖွဲ့အစည်း၊ နိုင်ငံအလိုက်)

UN WOMEN

# ဉာဏ်စမ်းမေးခွန်း - မြန်မာနိုင်ငံရှိ ကျား-မ ရေးရာ ကိန်းဂဏန်း အချက်အလက်များ

- အမျိုးသားအဆင့် တရားဥပဒေပြုရေး မဏ္ဍိုင်အတွင်းရှိ အမျိုးသမီးများ (ပြည်ထောင်စုလွှတ်တော်)
- ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှု
- ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှု
- နိုင်ငံရေး ဆွေးနွေးမှုအတွက် မူဘောင်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှုကို မျှော်လင့်ထား သည်။
- ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှု အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ
- ၄ ကြိမ်မြောက် ၂၁ ရာစု ပင်လုံ ညီလာခံတွင် အမျိုးသမီးများ၏ ပါဝင်မှု
- ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီ (UPDJC) ဖွဲ့စည်းခြင်း

# လုပ်နိုင်စွမ်းရည်မြှင့်မားခြင်း
# (ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများတွင် ကိုယ်စားပြုပါဝင်နေခြင်း)

ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်မှုမှာ (        )% ဖြစ်သည်။

